



# သူငယ်ချင်းထံသို့အိပ်ဖွင့်ပေးစာ

သို့-

သူငယ်ချင်း

စာတွေရေးသာရေးရတယ်၊ အားမရှိဘူး သူငယ်ချင်းရာ၊ ဘာလို့လဲဆိုတော့ မင်းမှမဖတ်နိုင်တော့တာ သူငယ်ချင်းရာ၊ မင်းကိုသတိရ တမ်းတခြင်း များစွာနဲ့ရေးနေတဲ့စာတွေကိုမင်းအစား တခြားသူတွေက ဖတ်နေကြတာပါ… မင်းနဲ့ကိုယ်ကြား ခြားသွားတဲ့အရာ စကားအရဆိုရင် ၂လုံးတည်းပါ… သူ့ရဲ့နက်ရှိုင်းမှုက ကြီးမားတယ်။ မင်းရဲ့နောက်ဆုံးနေ့မှာ ကိုယ်ရောက်သေးတယ် စိတ်မကောင်းခြင်းကြီးစွာနဲ့ပေါ့… ဘာဖြစ်လို့လဲ မင်းမေးဦးမှာလား… မင်းရဲ့ဝိညာဉ်က ခရစ်တော်အားဖြင့်ဘုရားသခင်ဆီမှာခိုလှုံနေပြီဆိုတာ စိတ်ချပါတယ်။ ဒါပေမဲ့ဘုရားသား ဖြစ်ပြီးမှ ဘုရားစကားနားမထောင်လို့ဆုံးရှုံးသွားတဲ့ မြေကြီးပေါ်က အသက်တာအတွက် ဝမ်းနည်းတာပါကွာ။

သူငယ်ချင်းရာ မင်းမှာအံ့သြစရာကောင်း တဲ့စွမ်းရည်တွေများစွာကို ဘုရားသခင်ပေးထား တာကိုယ်အသိဆုံးပါ။ ဒါပေမဲ့ ဓာတိရဲ့စေ့ဆော်မှုအောက်မှာအလွဲသုံးပြီး ဆုံးရှုံးသွားရတာကိုတော့ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိတယ်။ ဒါပေမဲ့ အရာခပ်သိမ်းဟာတို့ရဲ့အကျိုးကိုတညီတညွတ် တည်းပြုစုတယ်ဆိုတဲ့ကျမ်းစာဖော်ပြချက်နဲ့ အညီ (ရော ၈း၂၈) သူငယ်ချင်းရဲ့ ဆုံးရှုံးသွားတဲ့အသက်တာကလည်း ကိုယ်တို့အတွက်သင်ခန်းစာ ယူစရာတွေ အများကြီးရပါတယ်။ မင်းလုပ်ချင်တာတွေလုပ်ပြီးသေသွားလို့ အေးသွားပြီလို့လူတွေ ကအလွယ်ပြောပေမဲ့ တကယ်တော့ မဟုတ်ပါဘူးနော်… ကျန်ခဲ့တဲ့ မိသားစုကိုပဲကြည့်ပါဦး… ပတ်ဝန်းကျင်မှာမျက်နှာငယ်နဲ့ ကြီးပြင်းလာမဲ့ကလေးတွေအတွက်လည်း စဉ်းစားကြည့်ရင်သနားစရာပါ။ သူငယ်ချင်းရဲ့အရိပ်မည်းကြီးက ကလေးတွေအပေါ်မှာအုပ်မိုးနေဦးမှာ… စဉ်းစားကြည့်ရင် မင်းသေရုံနဲ့ပြီးသွားလားလို့ လောကကြီးမှာသေရင်အားလုံး ပြီးသွားမယ်၊ ချုပ်ငြိမ်းသွားမယ်ဆိုရင်၊ သည်နေ့လူဖြစ်နေတာ အလကားပေါ့… လူတွေကြိုးစားရှာဖွေ လုပ်ဆောင်နေတာတွေ… ဘာသာတရားကိုးကွယ်မှုတွေ အားလုံးဟာအလကား ဖြစ်ကုန်မှာပေါ့။ ဒါဆိုရင်လောက ကြီးမှာ ဘာလုပ်မှာလည်း မြန်မြန်သေလိုက်ရင်အေးမှာပေါ့… တချို့လဲဒီလိုခံယူကြတယ်လေ။

တကယ်တော့ သေခြင်းတရားက အရာခပ်သိမ်းကိုမချုပ်ငြိမ်းနိုင်ပါဘူး… အထူးသဖြင့်သေခြင်းမာန်ကို အောင်မြင်ထားတဲ့ သခင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံထားတဲ့သူတွေအတွက်ကတော့ နေရတာလဲအဓိပ္ပါယ်ရှိတယ်… သေရတာလဲအဓိပ္ပါယ်ရှိပါတယ်။ ကိုယ်တို့အတွက်သူငယ်ချင်းကို လိုက်ပို့နေတာ လည်းအဓိပ္ပါယ်ရှိပါတယ်။ သူငယ်ချင်းရဲ့အသက်တာကိုဆင်ခြင်ရင်း၊ ကိုယ်မမှားဖို့ရင်ထဲမှာနှလုံးသွင်းနေရသလို သူငယ်ချင်းရဲ့ခရီးစဉ်ကို လိုက်ပို့တယ်ဆိုပေမဲ့ တချိန်မှာကိုယ်လဲသွားရမဲ့ခရီးစဉ်ကို ဝတ်စုံပြည့်လေ့ကျင့်နေတာပါ ဟုတ်တယ်နော။

သူငယ်ချင်းရဲ့ခရီးစဉ်ဆိုပေမဲ့ ကိုယ်တို့သွားရမဲ့ခရီးပါပဲ… ခက်နေတာက ကိုယ့်ခရီးမဟုတ် သလိုလုပ်နေကြ တာပါပဲ။ တကယ်တော့လူတစ်ယောက်ရဲ့နောက်ဆုံးခရီးကို လိုက်ပို့တယ်ဆိုတာ ကိုယ်တို့တချိန်သွားရမဲ့ခရီး အတွက် ကြိုတင်လေ့ကျင့်နေခြင်းပါပဲ။ သွားနှင့်သူဟာ ဘာတွေထားခဲ့သလဲဆိုတာဆင်ခြင်တတ်ရင် အကျိုးဖြစ် တာပေါ့… သွားနှင့်သူဆီက အတုယူစရာတွေရှောင်ကျဉ်ကောင်းတဲ့အမှုအကျင့်တွေကို ဆင်ခြင်တတ်ရင်အကျိုး ရှိတာပေါ့။ ဒီလိုမဟုတ်ဘဲ မကောင်းတတ်လို့ မျက်နှာလာပြရုံသက်သက်ဆိုရင် ဘာလုပ်မလဲ ရောက်လာပေမဲ့ အကျိုးမဖြစ်ဘူးပေါ့… သူငယ်ချင်းရဲ့နောက်ဆုံးနေ့မှာ ကိုယ်တို့ ရဲ့သူငယ်ချင်းရောင်းရင်းအပေါင်းအသင်းတွေ အများကြီးကိုတွေ့ရတယ်… သူတို့ဘယ်လိုခံယူ ချက်နဲ့ရောက်လာတယ်… ဘာတွေဆင်ခြင်မိတယ် ဆိုတာတော့ ကိုယ်မသိဘူး။ ကိုယ့်အနေနဲ့ကတော့ အဲသည်နေ့က ရောက်လာတဲ့ပရိတ်သတ်ထဲက တစ်ချို့လူတွေရဲ့ မေးငေါ့ ခေါင်းခါပြီး ဖြစ်နေတဲ့ စကားသံတွေကြောင့် ရင်မှာဒဏ်ရာတစ်ချို့ကို ရသလို၊ သင်ခန်းစာတစ်စုံတစ်ခုကိုလဲ အသေအချာရခဲ့တယ်… ဒါကြောင့်ကိုယ့်ရင်ထဲမှာ ကိုယ့်ရဲ့နောက်ဆုံးခရီးကိုသူများတွေ လိုက်ပို့တဲ့အခါ မေးငေါ့ စကားတွေနဲ့မပို့စေချင်ဘူး… ဒါဟာလဲ ဒီနေ့ကိုယ့်ရဲ့အသက်ရှင်ခြင်းမှာတည်တယ်ဆိုတာ နားလည်လာရတယ်။ ကျေးဇူးပါဘဲသူငယ်ချင်း ဒါဟာမင်းရဲ့နောက်ဆုံးတရားဟောချက်ဖြစ်မှာပါ…

(ဆုံးရှုံးသွားတဲ့သူငယ်ချင်းအားဖြင့် မဆုံးရှုံးသေး တဲ့သူငယ်ချင်းများဆင်ခြင်နှလုံးသွင်းရန်)

မေတ္တာဖြင့်

\- လှုသစ် -